Towards Results in Education & English

# စာသင်ခန်းဇာတ်လမ်းများနှင့်ဖြေရှင်းချက်များ

## သင်ယူစဥ်စစ်ဆေးအကဲဖြတ်ခြင်းကို လေ့လာခြင်း

## အခန်း ၂

Funded By: UKaid

TREE မှ ဤဗီဒီယိုဇာတ်လမ်းတွဲသည် စာသင်ခန်းအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအကြောင်းကို အဓိကထား လေ့လာမည်ဖြစ်ပါသည်။ မူလတန်းနှင့် အလယ်တန်း ကျောင်းသူကျောင်းသားများကို စစ်ဆေးအကဲဖြတ်ရာတွင် ကြုံတွေ့ရသော ပြဿနာများနှင့် ဖြေရှင်းချက်များကို ဆရာဆရာမများ စမ်းသပ်လုပ်ဆောင်ကြည့်နိုင်မည့် ပညာရေးသဘောတရားနှင့် လက်တွေ့နည်းလမ်းများအား အခြေခံပြီး လေ့လာပါမည်။

### စာသင်ခန်းအတွင်းပြဿနာ

မနက်ဖြန်အစမ်းစာမေးပွဲရှိလို့ ငါကြောက်နေတယ်။ သင်္ချာအစမ်းပါ။ တိတ်ဆိတ်နေရင် ငါမကြိုက်ဖူး။ ပြီးခဲ့တဲ့အစမ်းစာမေးပွဲ ၃ ခုမှာ စာမေးပွဲကျတယ်။ ဒီတစ်ခါလည်း ထပ်ကျမလား မသိဘူး။ ငါက စာရေးတာ သိပ်မကောင်းဘူး။ ရေးမယ့်အစား ဘာဖြစ်လို့ပုံဆွဲလို့မရတာလဲ။ ငါက ပုံဆွဲတော်တယ်။ ဆရာမဘာသင်လိုက်မှန်းလည်း သေသေချာချာနား မလည်ဘူး။ ဘာကြောင့် အဲဒါတွေလုပ်ရမှာလဲ။



အစမ်းစာမေးပွဲစစ်ခြင်းသည် အချို့ကလေးများအတွက် စိတ်အားတက်ကြွဖွယ်ဖြစ်သည်။ သို့ရာတွင် ကောင်းကောင်းဖြေနိုင်ရန် ဖိအားရှိသောကြောင့် ကလေးသာမက မိဘ၊ ဆရာများလည်း စိတ်ပင်ပန်းကြသည်။ ဤခံစားချက်သည် ကလေး၏ မေးခွန်းနားလည်နိုင်စွမ်းနှင့် စာမေးပွဲကောင်းကောင်းဖြေနိုင်စွမ်းကို ထိခိုက်စေပါသည်။

**အစမ်းစာမေးပွဲတွင် ကလေးတို့ပိုမိုကောင်းမွန်စွာ ဖြေဆိုနိုင်ရန် ပိုမို၍အပြုသဘောဆောင်သည့် အတွေ့အကြုံတစ်ရပ်ကို မည်ကဲ့သို့ဖန်တီးပေးနိုင်ပါမည်နည်း။**

## ကလေးနှင့်သင့်တော်သည့် အစမ်းစာမေးပွဲ အတွက် အကြံပြုချက် ၅-ချက်

**၁ လုပ်ဆောင်ချက်တိုင်းအတွက် အစမ်းစာမေးပွဲညွှန်ကြားချက်များ ရှင်းလင်းပါစေ။ ကလေးလမ်းကြောင်းမှန်စေရန် ဥပမာတစ်ခုပေးပါ။**

```
အဖြေတစ်ခုကိုဝိုင်းပေးပါ A, B or C.
ဥပမာ. A (B) C
```

**၂ ကျောင်းသားကျောင်းသူ၏ အသက်အရွယ်၊ လောကအမြင်နှင့် သင့်တော်သည့် အခြေအနေများ ဖြစ်ပါစေ။**

၁။ သင့်မှာ ဖရဲသီး ၁၈ စိတ်နှင့် သူငယ်ချင်း ၂ ဦး ရှိပါသည်။ ဖရဲသီးအစိတ်များကို အညီအမျှ ခွဲဝေပေးပါက သူငယ်ချင်းတစ်ဦးစီသည် အစိတ် မည်မျှရမည်နည်း။

**၃ သင်ယူသူတို့ မေးခွန်းများကို စိတ်ချလက်ချဖြေနိုင်စေရန် အစမ်းစာမေးပွဲမေးခွန်းများနှင့် စာသင်ခန်းတွင်း လုပ်ဆောင်ချက်တို့ တူညီပါစေ။ စာသင်ခန်းတွင်း သင်ယူတတ်မြောက်ခဲ့သည်ကို စစ်ဆေးပါ။**




Implemented by: BRITISH COUNCIL, The Open University, VSO, montrose